ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၇.၃၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက်၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၁၄-၁၂-၂၀၁၆ ရက်နေ့မှာ

အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မှာဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဖြေရယ်(ခ) ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံရန်။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးစိုးသီဟ(ခ)ဦးမောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါ်ရှားမူ၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်းနှင့် ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ငြိမ်းချမ်းရေးညီလာခံ တက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၆)ဦးနဲ့ ယနေ့ခွင့်ပန်ကြားသူ(၂၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့်ခွင့်ပြုထားသူ (၂၂)ဦးဖြစ်၍၊ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၈)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကျီးလေကျေးရွာအုပ်စု၊ ကျီးလေကျေးရွာ - ရွာချင်းဆက် ကြိုးတံတားနှင့် မီးဇာကျေးရွာအုပ်စု၊ ဥသလင်းဝကျေးရွာ - ရွာချင်းဆက် ကြိုးတံတား(၂)စင်းတို့ကို အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇော့တင်း က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ကျီးလေကျေးရွာအုပ်စု၊ ကျီးလေကျေးရွာ-ရွာချင်းဆက် ကြိုးတံတားနှင့် မီးဇာကျေးရွာ

အုပ်စု၊ ဥသျှလင်း၀ကျေးရွာ-ရွာချင်းဆက် ကြိုးတံတား(၂)စင်းတို့ကို အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဇေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇေ့တင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ပလက်ဝမြို့နယ်၊ ကျီးလေကျေးရွာအုပ်စု၊ ကျီးလေကျေးရွာ-ရွာချင်းဆက် ဟောင်းနွမ်းကြိုးတံတားနှင့် မီးဇာကျေးရွာအုပ်စု၊ ဥသျှလင်း၀ကျေးရွာ-ရွာချင်းဆက် ဟောင်းနွမ်းကြိုးတံတားအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိသိရှိလိုသော မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပလက်ဝမြို့နယ်သည် ချင်းပြည်နယ်ရှိ မြို့နယ်များထဲတွင် လမ်းပန်းဆက်သွယ်ရေး အခက်အခဲဆုံး မြို့တစ်မြို့ ဖြစ်ပါတယ်။ တစ်ရွာနဲ့တစ်ရွာ ကူးလူးဆက်ဆံရာတွင်လည်း ချောင်းကူး၊ မြောင်းကူးအလွန်ပေါ်များသော တောင်ကုန်းဖြစ်တာနှင့်အညီ ခြေလျင်နှင့် သွားရသောခရီးကအတွင်ဆုံးဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာ ဆိုင်ကယ်လမ်းလည်း မရှိသေးသည့်အတွက် တချို့နေရာများတွင် ချောင်း၊ လျှိုမြောင်များ ကူးရတဲ့အတွက် ဝါးတံတား၊ သစ်သားတံတား၊ ကြိုးတံတားများဖြင့် ကူးလူးသွားနေရပါတယ်။ ယခုတောင်းဆိုသော ဟောင်းနွမ်းကြိုးတံတား(၂)စင်းသည် ကလေးများ ကျောင်းသွား၊ ကျောင်းပြန်နှင့် ကျေးရွာအနီး ပတ်ဝန်းကျင်များမှ ပြည်သူများ ဈေး သွား ဈေးလာ၊ တောင်ယာအသွား အပြန် နေ့စဉ်ရက်ဆက် ကူးလူးသွားနေရသော ချောင်းကူးကြိုးတံတား ဖြစ်ပါတယ်။ ၎င်း ဟောင်းနွမ်းကြိုးတံတား(၂)စင်းကို ကုလသမဂ္ဂလက်အောက်ခံ CDRTဝေးလံမြို့နယ်များ လူမှုဖွံ့ဖြိုးရေးစီမံကိန်း အကူအညီဖြင့်လွန်ခဲ့သော (၁၀)နှစ်ဝန်းကျင်က တည်ဆောက်ခဲ့သည့် ကြိုးတံတားလည်း ဖြစ်ပါတယ်။ ယခုအခါ ယင်းကြိုးတံတား(၂)စင်းသည် မိုးဒဏ်၊ လေဒဏ်၊ သဘာဝဒဏ်ကြောင့် ပျက်စီးယိုယွင်းလျက် ရှိပါသည်။ တချို့ကျေးရွာသူ၊ ကျေးရွာသားများသည် ယင်းတံတား(၂)စင်းပေါ်မှ ဖြတ်သန်းသွားလာရသည်မှာ အလွန်အန္တရာယ်ရှိပါသည်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ပလက်ဝမြို့နယ်၊ ကျီးလေကျေးရွာအုပ်စု၊ ကျီးလေကျေးရွာ-ရွာချင်းဆက် ဟောင်းနွမ်းကြိုးတံတားနှင့် မီးဇာကျေးရွာအုပ်စု၊ ဥသျှလင်း၀ကျေးရွာ-ရွာချင်းဆက် ဟောင်းနွမ်းကြိုးတံတားအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော့တင်း ရဲ့ ပလက်ဝမြို့နယ်၊ ကျီးလေကျေးရွာအုပ်စု၊ ကျီးလေကျေးရွာ-ရွာချင်းဆက် ဟောင်းနွမ်းကြိုးတံတားနှင့် မီးဇာကျေးရွာအုပ်စု၊ ဥဿလင်းကျေးရွာ-ရွာချင်းဆက် ဟောင်းနွမ်းကြိုးတံတားအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ချင်းပြည်နယ် အပါအဝင် မြန်မာနိုင်ငံ နယ်စပ်ဒေသတစ်ဝန်းလုံးတွင် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နှစ်အလိုက် စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ချင်းပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ် (၆၂၈၁.၉၅၆)သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ ပလက်ဝမြို့နယ်၊ ကျီးလေကျေးရွာအုပ်စု၊ ကျီးလေကျေးရွာ-ရွာချင်းဆက် ဟောင်းနွမ်းကြိုးတံတား အသစ်ပြန်လည် တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၁၈-၂၀၁၉ ခုနှစ်၊ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတွင်လည်းကောင်း၊ မီးဇာကျေးရွာအုပ်စု၊ ဥဿလင်းဝကျေးရွာ-ရွာချင်းဆက် ဟောင်းနွမ်းကြိုးတံတားအသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေတွင်လည်းကောင်း လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေ ခွင့်ပြုဝင်ဆံ့မှုနှင့်အညီ လုပ်ငန်းဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ် (၁၀၅)မိုင်ကျေးရွာအုပ်စု၌ နယ်စပ်ကုန်သွယ်ရေးဇုန်တိုးချဲ့ဆောက်လုပ်ရန် သတ်မှတ်မြေနေရာ (အကျယ်အဝန်း ၁၀၅.၇၀ ဧက) အတွက် ကျသင့်တန်ဖိုးငွေချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန် က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ် (၁၀၅) မိုင် ကျေးရွာအုပ်စု၌ နယ်စပ်ကုန်သွယ်ရေးဇုန်တိုးချဲ့ဆောက်လုပ်ရန် သတ်မှတ်မြေနေရာ (အကျယ်အဝန်း ၁၀၅.၇၀ ဧက)အတွက် ကျသင့်တန်ဖိုးငွေချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးညီစိန်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကျက်သရေမင်္ဂလာအပေါင်း ခညောင်းတဲ့ မင်္ဂလာမနက်ခင်းပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရှမ်းပြည်နယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ဦးညီစိန် တင်ပြမေးမြန်းလိုတာကတော့ ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ် (၁၀၅)မိုင် မိုင်းယုကျေးရွာ အုပ်စုအတွင်းမှာရှိတဲ့ နယ်စပ်ကုန်သွယ်ရေးဇုန် တိုးချဲ့ဆောက်လုပ်ရန် မြေနေရာ ကျသင့်တန်ဖိုးငွေ ချမှတ်ပေးဖို့ ကိစ္စဖြစ်ပါတယ်။

အဆိုပါမြေနေရာဟာ (၁၀၅)မိုင် မိုင်းယုကျေးရွာအုပ်စုမှာ နေထိုင်ကြတဲ့ ဓားမဦးချ တောင်သူလယ်သမားများ လုပ်ကိုင်စားသောက်ခဲ့တဲ့ ဥယျာဉ်ခြံမြေတွေ ဖြစ်ပါတယ်။ တောင်သူလယ်သမားဦးရေ (၇၆)ဦး ပိုင်ဆိုင်ခဲ့တဲ့ (၁၀၅.၇)ဧက ကျယ်ဝန်းတဲ့ ဥယျာဉ်ခြံမြေတွေ ဖြစ်ပါတယ်။ အဆိုပါ မူဆယ်(၁၀၅)မိုင်၊ နယ်စပ်ကုန်သွယ်ရေးဇုန် စတင်တည်ထောင်ခဲ့တဲ့ ၁၉၉၆ ခုနှစ်မှာ လက်ရှိဖွင့်လှစ် သုံးစွဲနေတဲ့ သွင်းကုန်၊ ထုတ်ကုန် စစ်ဆေးရေးဂိတ် နေရာတွေပဲ ဖြစ်ခဲ့ပါတယ်။ သက်ဆိုင်ရာကနေပြီး တော့ ထိန်းသိမ်းထားခဲ့တဲ့ ဖော်ပြပါ ခြံမြေ (၁၀၅.၇)ဧကဟာ အသုံးပြုနိုင်ခြင်း မရှိခဲ့တဲ့အတွက် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းအရ ပျက်ပြယ်ပြီး ဖြစ်ပြီလို့ပဲ မှတ်ယူခဲ့ပါတယ်။ ဒါကြောင့် ထပ်မံ တိုးချဲ့ ဖွင့်လှစ်ပါဦးမယ်ဆိုတာကို လုံးဝမမျှော်လင့်ခဲ့တဲ့အတွက် ယခုတိုးချဲ့မည်ဆိုတဲ့ နေရာမှာ လူနေ အိမ်ခြေများ ဆောက်လုပ်နေထိုင်ကြပြီး ဖြစ်ပါတယ်။

မူဆယ် (၁၀၅)မိုင်ကျေးရွာအုပ်စုဟာ ယခင်က ခေတ်အဆက်ဆက် လက်နက်ကိုင် အဖွဲ့ အစည်းများ ကြီးစိုးရာဒေသ ဖြစ်တာနှင့်အညီ ဥယျာဉ်ခြံမြေများ ပိုင်ဆိုင်မှုအထောက်အထား စာရွက် စာတမ်းများ ပြုလုပ်ဖို့ ဘယ်ဝန်ထမ်းကမှ လာရောက်ပြီးတော့မှ တိုက်တွန်းတာတွေ၊ အသိပညာပေး တာတွေ မရှိခဲ့ပါဘူးခင်ဗျား။ နားလည်တတ်ကျွမ်းသူများနှင့် ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရှိသူများကသာ ပူးပေါင်းပြီးတော့မှ နည်းအမျိုးမျိုးနှင့်လွှဲပြောင်းခြင်း၊ ပိုင်ဆိုင်မှုလုပ်ခြင်းများဖြင့် ကြီးပွားနေကြတာကို ပွင့်လင်းမြင်သာပြီး တရားမျှတတဲ့အဖွဲ့ ဖွဲ့စည်းပြီးတော့ စိစစ်ရင် အမှန်တရားတွေ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှ ဒီမိုကရေစီပန်းတိုင်သို့ တက်လှမ်းနေချိန် နိုင်ငံတော်အစိုးရမှ ပြည်သူလူထုတွေကို ဆင်းရဲမွဲတေမှု လျှော့ချနေချိန်မှာ မြေသိမ်း၊ ယာသိမ်း၊ မတရားသိမ်းဆည်းမှုများ ပြုလုပ်နေမယ့်အစား နိုင်ငံတော် အတွက်ရော နိုင်ငံသားအတွက်ပါ အနာဂတ်ဘဝ ရပ်တည်နိုင်ရေး အကျိုးဖြစ်ထွန်းစေဖို့ အသုံးလိုတဲ့ မြေတွေကို ကာလဒေသပေါက်စျေးအတိုင်း ချမှတ်ပေးလျှော်သင့်ပါကြောင်း လေးစားစွာ မေတ္တာရပ်ခံ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ဖော်ပြပါ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် တိုးချဲ့ဆောက်လုပ်ရေး မြေယာတန်ဖိုး ကျသင့်ငွေများ ချမှတ်ပေးဖို့ အစီအစဉ် ရှိ/မရှိကိစ္စကို တောင်သူလယ်သမားများ အတွက် စေတနာရှေ့တန်းတင်ကာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာသန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမင်္ဂလာပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်း ချက်ကို ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဖြေကြားပါမယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ်၊ မိုင်းယု ကျေးရွာအနီး လားရှိုး-မူဆယ်-ကြူကုတ် လမ်းဆုံတွင် တည်ရှိပါတယ်။ ဤကုန်သွယ်ရေးဇုန်ကို ၂၀၀၅ ခုနှစ်တွင် စတင်ဖော်ထုတ်ဆောက်လုပ်ခဲ့ပြီး မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးပမာဏအများဆုံး ဆောင်ရွက်နေတဲ့ဇုန်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီကုန်သွယ်ရေးဇုန်ကြီးဖြစ်ပေါ်လာရေးအတွက် မျှော်မှန်း ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်သွယ်ရေးဇုန် တည်ဆောက်ရေးကော်မတီကိုလည်း နိုင်ငံတော် အစိုးရမှ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးဆောင်၍ ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများပါဝင်ပြီး စနစ်တကျ ဖော်ထုတ်ဆောင်ရွက်လျက် ရှိပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ရဲ့ မြေဧရိယာ အကျယ် အဝန်းဟာ ဒေသ၏ မြေပြင်အနေအထားအရ မြေညီမြေပြန့်နည်းပါးခြင်း၊ ကျောက်တောင်၊ ဖြိုးတောင်များ ထူထပ်ခြင်း၊ လျှိုမြောင်ချိုင့်ဝှမ်းများ များပြားခြင်းကြောင့် မြေသားပြုပြင်သုံးစွဲနိုင်တဲ့ ဧရိယာက (၃၇၀.၈၃)ဧကသာ ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယင်းသို့ဖော်ထုတ်ရရှိခဲ့တဲ့ မြေဧရိယာ (၃၇၀.၈၃)ဧကကို ဒေသအုပ်ချုပ်ရေးအဖွဲ့ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စနစ်တကျ မြေသိမ်းအမှုတွဲများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါတယ်။

မြေစာရင်းဦးစီးဌာန၏ မြေသိမ်းအမှုတွဲပါ ဖော်ပြချက်အရ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်အတွက် အကျုံးဝင်တဲ့ မြေဧရိယာ စုစုပေါင်း(၃၇၀.၈၃)ဧကဖြစ်ပါတယ်။ ဤကုန်သွယ်ရေးဇုန် တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲမှုမရှိဘဲ တည်ဆောက်သူ(Developer) ကုမ္ပဏီများဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ Developer ကုမ္ပဏီများမှ တောတောင်လျှိုမြောင်များအား ပြုပြင်ဖော်ထုတ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ ပွဲရုံမြေကွက်များဖော်ထုတ်ခြင်း၊ ကုန်သွယ်ရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်းတို့ကို ကုန်သွယ်ရေးဇုန် တည်ဆောက်ရေးကော်မတီ၏ တာဝန်ပေးမှုဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ကုန်သွယ်ရေးဇုန် ဖော်ထုတ်တည်ဆောက်ရေးလုပ်ငန်း များကို Developerကုမ္ပဏီများက တာဝန်ခွဲဝေပေးအပ်ခဲ့ရာမှာ အေးရှားဝေါလ်ကုမ္ပဏီ မြေဧရိယာ (၄၈.၅၆)ဧကပေါ်တွင် ယာဉ်စစ်ကွင်းနှင့် ကုန်သွယ်ရေးဇုန် အဆောက်အဦများအားလည်းကောင်း၊ ဇေင်ကုမ္ပဏီမှ မြေဧရိယာ(၉၂.၁၈)ဧကပေါ်တွင် ပွဲရုံမြေကွက် (၇၉)ကွက်အားလည်းကောင်း၊ ငွေဆင် ကုမ္ပဏီမှ မြေဧရိယာ(၁၀၂.၃၉)ဧကပေါ်တွင် ပွဲရုံမြေကွက် (၉၄)ကွက်အားလည်းကောင်း အသီးသီး ဖော်ထုတ်ခဲ့ပြီး ပထမအဆင့်လုပ်ငန်းများကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့ (၁၀၅.၇)ဧကသည် ဤဝန်ကြီးဌာန၏ ယခင်ကုန်သွယ်ရေးဦးစီးဌာနမှ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ဒုတိယအဆင့်အဖြစ် ပွဲရုံမြေကွက် (၉၁)ကွက် ဖော်ထုတ်ရန်ကျန်ရှိနေတဲ့ မြေဧကဖြစ်ပါတယ်။ သို့ရာတွင် နိုင်ငံတော်ခွင့်ပြုငွေ ရရှိမှုမရှိတဲ့ အတွက်ကြောင့် ယာယီရပ်ဆိုင်းထားရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကုန်သွယ်မှု လျင်မြန်ချော မွေ့စေရေးအတွက်ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေရှင်းရာတွင် နည်းလမ်းတစ်ရပ်အနေဖြင့် ယင်းမြေ (၁၀၅.၇)ဧကအား သွင်းကုန်စစ်ကွင်းအသစ် ဖော်ထုတ်ရန် လျာထားခဲ့ပြီး ယာဉ်စစ်ကွင်းအသစ် တည်ဆောက်ရန်အတွက် ၁၂-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့တဲ့ စီးပွားရေးရာ ကော်မတီ အစည်းအဝေးမှ သဘောတူခွင့်ပြုပြီး ဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါ ယာဉ်စစ်ကွင်းအသစ်နှင့် ဆက်စပ်ဆောင်ရွက်ရမည့် မူဆယ်မြို့ရှောင်လမ်း စီမံကိန်းမှာ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် သွင်းကုန်ယာဉ်စစ်ကွင်း အသစ်စီမံကိန်းဟာ ခေတ္တရပ်ထားရခြင်း ဖြစ်ပါတယ်။

ယခုအခါ မြို့ရှောင်လမ်း ဖောက်လုပ်ရေးနှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းအူကြောင်းများ ရွေးချယ်ခြင်းအပါအဝင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား စီစဉ်ဆောင် ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ယာဉ်စစ်ကွင်းအသစ်အား တိုးတက်လာသည့် ကုန်သွယ်ရေးအခြေအနေများအရ မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော်ထုတ်သွားရမှာ ဖြစ်ပါ တယ်။ ၂၀၀၅ ခုနှစ်၊ မြေသိမ်းအမှုတွဲ ဖွင့်လှစ်ဆောင်ရွက်စဉ်က ယင်းမြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင် နေသူများကို နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ မြေယာလျော်ကြေးများ ပေးအပ်ခဲ့ပါတယ်။ မြေယာလျော်ကြေး လက်ခံရယူ၍ မြေယာစွန့်လွှတ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုး ထားတဲ့မှတ်တမ်းများလည်း ရှိပါတယ်။ ထိုသို့ဆောင်ရွက်ပြီးမှသာ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံ ပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ (၃၉) အရ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ကုန်သွယ်ရေးဇုန်အဖြစ် လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် (လန-၃၉)အား ရှမ်းပြည်နယ်မြောက်ပိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၁၈-၈-၂၀၀၅ ရက်စွဲပါစာအမှတ် ၂၀၂၆/၂-၆/ပယက(ရှမ်း) မပ(၁၁၂၈) ဖြင့် ရရှိခဲ့ပြီးဖြစ်ပါတယ်။

ဒါ့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်၍ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် တည်ဆောက်ရာတွင် သက်ဆိုင်ရာဌာနများနဲ့ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ ကုန်သွယ်ရေးဇုန်မြေအဖြစ် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် (လန-၃၉)ရယူပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆက်လက်အကောင်အထည်ဖော်မယ့် ဒုတိယအဆင့်စီမံကိန်းကို စတင်ဆောင်ရွက်ချိန်တွင် ထိုမြေအတွက် ကျသင့်တန်ဖိုးငွေ ပေးချေရန် အစီအစဉ် မရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ လိုရင်းကိုပဲ မေး။

**အချိန်၊ ၁၀း၂၆။**

**ဦးညီစိန်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)။** ။ ဟုတ်ကဲ့။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဝန်ကြီးကို အနည်းငယ် ထပ်မံပြီးတော့မှ တင်ပြအပ်ပါတယ်။ ဝန်ကြီး ဖြေကြားသွားတဲ့အထဲမှာ ၂၀၀၅ ခုနှစ်တုန်းက မြေယာလျော်ကြေးတွေ ပေးအပ်ခဲ့ပါတယ်လို့ ပြောပါတယ်။ သို့သော် ကျွန်တော် စုံစမ်းသိရှိရသလောက် ဆိုလို့ရှိရင် အဲဒီတုန်းက မြေယာလျော်ကြေးဆိုရာမှာ တစ်ဧကကို ကျပ်ငွေ (၃၀)ပဲ ပေးတဲ့အတွက်ကြောင့်မို့လို့ တောင်သူလယ်သမားတွေ မယူခဲ့ရပါဘူး။ ပြီးရင် မြေယာစွန့်လွှတ်ကြောင်း ဝန်ခံလက်မှတ်ထိုးခဲ့ပါတယ်ဆိုတဲ့ဥစ္စာလည်းပဲ အဲဒီ တောင်သူလယ်သမားတွေဟာ မြေယာလျော်ကြေးကို မယူခဲ့တာကြောင့်မို့လို့ မြေယာစွန့်လွှတ်ကြောင်း ဝန်ခံချက်လက်မှတ်ကိုလည်း မထိုးခဲ့ရပါဘူး။ မည်သို့ပင် ဖြစ်စေကာမူ ဒီ တောင်သူလယ်သမားတွေဆိုလို့ရှိရင် အင်မတန်မှ ဆင်းရဲနွမ်းပါးတဲ့ တောင်သူလယ်သမား မိသားစုတွေ ဖြစ်ပါတယ်။ သူတို့ အားကိုးစရာဆိုလို့လည်း ခုန ကျွန်တော်တင်ပြတဲ့ မြေယာတွေပေါ်မှာပဲ သူတို့ အားကိုးတာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ သူတို့ရဲ့ သားသမီးတွေရဲ့ ရှေ့ရေးအဖို့ ဘဝရပ်တည် နိုင်ဖို့အရေး အဲဒီ တောင်သူလယ်သမားတွေအဖို့ နေရေး၊ ထိုင်ရေး စီမံပေးဖို့ရယ်၊ လယ်ယာမြေ လျော်ကြေးတွေ စီမံပေးဖို့ရယ် နိုင်ငံတော်ကို ကျွန်တော် ပန်ကြား လျှောက်ထားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်း မေးတာမဟုတ်ဘူး။ အကူအညီတောင်းတဲ့သဘော ဖြစ်နေတယ်။ ဆက်စပ်မေးခွန်းပါဆို ဆက်စပ်မေးခွန်း မဟုတ်ဘူးဖြစ်နေတယ်။ ဝန်ကြီးအနေနဲ့ ဘာထပ်တင်ပြနိုင်လဲ။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာသန်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန)။** ။ ကျွန်တော့်အနေနဲ့ အထူးတင်ပြစရာ မရှိပါဘူး။ သို့သော် တင်ပြချက်ကိုတော့ ကျွန်တော် မှတ်သားသွားပါမယ်ခင်ဗျား။ လေးစားပါတယ်ခင်ဗျား။

**အမျိုးသားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲမြင့်တင်ရာတွင်Smart Card ကို ကိုင်ဆောင်နိုင်မည့်အဆင့်ထိ ဆောင်ရွက်ရာ၌ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် အမျိုးသားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွက် ပေးသွင်းရမည့် ကျသင့်နှုန်းထားများသည် ခေတ်ကာလ နှင့် လျော်ညီမှုမရှိပါသဖြင့် နိုင်ငံတော်ဘဏ္ဍာ တိုးပွားရေးအတွက် ပြောင်းလဲသတ်မှတ်ရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှဦးကျော်နီနိုင်က အမျိုးသားမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲမြှင့်တင်ရာတွင်Smart Card ကို ကိုင်ဆောင်နိုင်မည့်အဆင့်ထိ ဆောင်ရွက်ရာ၌ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း နှင့် အမျိုးသားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွက် ပေးသွင်းရမည့် ကျသင့်နှုန်းထားများသည်

ခေတ်ကာလနှင့် လျော်ညီမှုမရှိပါသဖြင့် နိုင်ငံတော်ဘဏ္ဍာ တိုးပွားရေးအတွက် ပြောင်းလဲသတ်မှတ်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့်စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)။** ။ မင်္ဂလာပါခင်ဗျား။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားများနှင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အမျိုးသားမှတ်ပုံတင်ဆောင်ရွက်ခြင်းလုပ်ငန်း စဉ်များနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံအတွင်း အမျိုးသားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ပုံစံအမျိုးမျိုးဖြင့် ဖြည့်သွင်းကြရပြီး နိုင်ငံသား စိစစ်ခံရသူ၏ သက်သေခံကတ်ပြားများ၊ ယာယီသက်သေခံ ကတ်ပြားများ၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ အဆင့်ဆင့် ရေးသွင်း ဆောင်ရွက်ပေးနေတာကိုလည်း မြင်တွေ့နေရပါတယ်။ ထိုနည်းတူ နိုင်ငံတော်သို့ ပေးသွင်းရမည့် ၁၉၈၂ ခုနှစ်၊ လ.ဝ.က ဥပဒေတွင် ပါရှိသော သတ်မှတ်ငွေကြေးများမှာလည်း (၁)ကျပ်၊ (၃)ကျပ်၊ (၆)ကျပ်၊ (၁၀) ကျပ် စသည်ဖြင့် ခေတ်ကာလနှင့် လိုက်လျောညီထွေမှု မရှိသောတန်ဖိုးများ ပြဋ္ဌာန်းထားတာကိုလည်း မြင်တွေ့နေရပါတယ်။ အမှန်အားဖြင့် ဖြစ်သင့်တဲ့ နှုန်းထားများမှာ (၁၀၀၀)၊ (၂၀၀၀)၊ (၃၀၀၀)၊ (၄၀၀၀) စသည်ဖြင့် အနည်းဆုံး သတ်မှတ်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် ဘဏ္ဍာငွေများ ပိုမိုရရှိလာမှာဖြစ်ပါ တယ်။ ပြောင်းလဲသတ်မှတ်ရန်လည်း လိုအပ်ပါကြောင်း ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများတွင် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို Smart Cardအဆင့်သို့ တိုးမြှင့်ကိုင်တွယ်နေကြပြီ ဖြစ်ပါတယ်။ ထိုက်တန် သော နှုန်းထားများလည်း ပေးသွင်းနေကြရပါတယ်။ Smart Card ကိုင်တွယ်အသုံးပြုခြင်းဖြင့် အကျိုးကျေးဇူးများစွာ မြင့်မားလာစေမည် ဖြစ်ပါတယ်။ ယခုအခါနိုင်ငံတော်မှ e-Government System အောင်မြင်ရေးအတွက်လည်းကြိုးစားဆောင်ရွက်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသား မှတ်ပုံတင်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ အဆင့်မြင့်တိုးတက်လာစေရန်အတွက် အောက်ပါမေးခွန်း များကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်။

မေးခွန်း (၁) အမျိုးသားမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲ မြှင့်တင်ရာတွင် Smart Card ကိုင်ဆောင်နိုင်သည့်အဆင့်အထိ ဆောင်ရွက်ရာ၌ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားပါ သနည်း။ မေးခွန်း (၂) အမျိုးသားမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အတွက် ပေးသွင်းရမည့် ကျသင့်နှုန်းထား များသည် ခေတ်ကာလနှင့် လိုက်လျောညီထွေမှု မရှိပါသဖြင့် နိုင်ငံတော်ဘဏ္ဍာ တိုးပွားရေးအတွက် ပြောင်းလဲသတ်မှတ်ရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ဦးကျော်နီနိုင် မေးမြန်းသွားတဲ့အချက်များနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ e-Government System ကို ပြောင်းလဲကျင့်သုံးဖို့ မူဝါဒ ချမှတ်ထားပြီးဖြစ်ပါတယ်။ အဲဒီ e- Government System မှာ အမျိုးသားမှတ်ပုံတင်ကတ်ပြားများကို EIT ခေါ်တဲ့ Smart Card အဖြစ် ပြောင်းလဲထုတ်ပေးဖို့အတွက် ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်တွေဟာ e- Government မှာ ဦးစားပေးလုပ်ငန်းများအနက် ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အဲဒီ Smart Card အဖြစ် အမျိုးသားမှတ်ပုံတင်ကတ်ပြားများကို ပြောင်းလဲနိုင်ရေး အတွက် ဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ စီစဉ်ဆောင်ရွက်တဲ့ အနေအထားလေးကို ရှင်းပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနအတွင်းမှာရှိတဲ့ ကျွမ်းကျင်သူများ၊ ပညာရှင်များကို စုစည်းပြီးတော့ Smart Card ဆောင်ရွက်တဲ့၊ Smart Card လုပ်ဆောင်ဖူးတဲ့ ကုမ္ပဏီများကို ဖိတ်ခေါ်ပြီးတော့မှ သူတို့ရဲ့အတွေ့အကြုံများနဲ့ သူတို့ရဲ့အကြံဉာဏ်များကို လေ့လာလျက်ရှိပါတယ်။တစ်ချိန်တည်းမှာပဲ သက်ဆိုင်တဲ့ဝန်ကြီးဌာနများမှ ကျွမ်းကျင်ပညာရှင်များ၊ ကွန်ပျူတာအသင်းချုပ်မှ ပညာရှင်များနဲ့လည်းပဲ ချိတ်ဆက်ပြီးတော့မှ သူတို့ရဲ့အကြံဉာဏ်များကို ရယူဆောင်ရွက်လျက် ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပဲ ကျွန်တော်တို့ ဒီ အမျိုးသားမှတ်ပုံတင်ကတ်ပြားများကို Smart Card အဖြစ် ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ အသုံးပြုနေတာဖြစ်ပါတယ်။ လက်ရှိအနေအထားအရ ကျွန်တော်တို့ ဝန်ကြီးဌာနမှာ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံအသီးသီးကနေမှ ကုမ္ပဏီ(၂၉)ခုက ကျွန်တော်တို့ ဝန်ကြီးဌာနမှာ လာရောက်ပြီးတော့မှ၊ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့မှ ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ အဲဒီအထဲမှာ ကျွန်တော်တို့ အမေရိကန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ UK နိုင်ငံစတဲ့ ကျွန်တော်တို့ အနောက်နိုင်ငံများက ကုမ္ပဏီများပါသလို ကျွန်တော်တို့ အရှေ့တောင်အာရှနိုင်ငံများဖြစ်တဲ့ စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှား၊ မလေးရှား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ စတဲ့နိုင်ငံများမှ ကုမ္ပဏီများလည်း သူတို့ရဲ့အတွေ့အကြုံများနဲ့ သူတို့ရဲ့အကြံဉာဏ်များကို လာရောက်ပြီးတော့မှ ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ လက်ရှိအနေအထားမှာလည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနမှာ H.D

အဖွဲ့ရဲ့အကူအညီနဲ့ ဒီ Smart Card ဆောင်ရွက်ရေးလုပ်ငန်းစဥ်များကို အခြားနိုင်ငံများရဲ့ အတွေ့အကြုံများကို လာရောက်ပြီးတော့မှ ရှင်းလင်းတင်ပြတဲ့ Seminar တစ်ခုကို ဝန်ကြီးဌာနမှာ ပြုလုပ်နေပါတယ်။ အဲဒီ Seminarကိုလည်းပဲ ကျွန်တော်တို့ ဝန်ကြီးဌာနအပါအဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိတဲ့ပုဂ္ဂိုလ်များ တက်ရောက်ပြီးတော့မှ အခြားနိုင်ငံ များရဲ့ အတွေ့အကြုံများကို ကျွန်တော်တို့ လေ့လာလျက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ EIT ဒီ Smart Card ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံသားတစ်ဦးချင်းစီရဲ့ အချက်အလက်များကို ရေးသွင်းဖို့၊ မှတ်သားဖို့၊ ထည့်သွင်းဖို့လိုတာဖြစ်တဲ့အတွက် ကျွန်တော်တို့ Pilot Project အနေနဲ့ ကျွန်တော်တို့ နေပြည်တော်၊ ကျွန်တော်တို့ ဇမ္ဗူသီရိမှာ ကျွန်တော်တို့ အဲဒီနေရာဒေသမှာရှိတဲ့ ပြည်သူများကို ကျွန်တော်တို့ အချက်အလက် ရေးသွင်းခြင်းလုပ်ငန်းကို ရှေ့ပြေး (Pilot Project) ဖြင့် ကျွန်တော်တို့ BiometricData, Biographic Data များကောက်ယူခြင်းလုပ်ငန်းများကို ကုန်ခဲ့တဲ့ အပတ်ကတည်းက ဆောင်ရွက်နေခဲ့ပါတယ်။

အလားတူပါပဲ မနေ့ကစပြီးတော့မှ မန္တလေးတိုင်းမှာလည်းပဲ ကျွန်တော်တို့ ဒီ ပြည်သူများရဲ့ အချက်အလက်များ ကောက်ယူခြင်း၊ Biometric Data, Biographic Dataကောက်ယူခြင်း လုပ်ငန်းများကို ရှေ့ပြေးစမ်းသပ် (Pilot Project)အဖြစ် ဆောင်ရွက်နေပါတယ်။ အဲဒီရရှိတဲ့ အတွေ့အကြုံများ၊ ရရှိတဲ့အချက်အလက်များကို မူတည်ပြီးတော့မှ ကျွန်တော်တို့အခု ဆွေးနွေးပွဲများမှ ရရှိတဲ့ အတွေ့အကြုံများကို မူတည်ပြီးတော့မှ ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် စီစဥ်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်းပဲ ကျွန်တော်တို့ ကမ္ဘာ့ဘဏ် (World Bank)က အကူအညီနဲ့ ကျွန်တော်တို့ လာမယ့်လထဲမှာ ဝန်ကြီးဌာနမှာပဲ အလားတူ Seminar မျိုးဆောင်ရွက် ပြီးတော့ ကျွန်တော်တို့ ဒီ Smart Card ဆောင်ရွက်ရေးကိစ္စများကို အခြားနိုင်ငံများရဲ့ အတွေ့အကြုံ ပေါ်မူတည်ပြီးတော့မှ ကျွန်တော်တို့နိုင်ငံနဲ့ လိုက်ဖက်မယ့်၊ ကျွန်တော်တို့နိုင်ငံနဲ့ အဆင်အပြေဆုံး ဖြစ်မယ့်၊ ကျွန်တော်တို့အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်မယ့် ကျွန်တော်တို့ စနစ်တစ်ခုကို ချမှတ် ပြီးတော့မှ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း ဒီ IT နည်းပညာများဟာ နေ့စဥ်နှင့်အမျှ ပြောင်းလဲနေ တာဖြစ်တဲ့အတွက် ကုန်ကျမယ့်ငွေနဲ့ ကျွန်တော်တို့ ထိုက်သင့်တဲ့အကျိုးကျေးဇူးကို ရရှိဖို့၊ ရေရှည် ကျွန်တော်တို့ တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်ဖို့၊ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ e-Government လုပ်ငန်းစဥ်နဲ့ ချိတ်ဆက်ပြီးတော့မှ ဆောင်ရွက်နိုင်ဖို့၊ အချိန်အတိုင်းအတာအရ ကျွန်တော်တို့ သတ်မှတ်တဲ့၊ ဖြစ်သင့်တဲ့အတိုင်းအတာအတွင်းမှာ ပြီးစီးနိုင်ဖို့ စတဲ့အချက်အလက်များကို ဘက်ပေါင်း စုံက စဥ်းစားပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို လေ့လာမှုများ ပြီးတယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာဘယ်လိုစနစ်နဲ့၊ဘယ်လိုအစီအစဥ်နဲ့ဆက်လက်ဆောင်ရွက်မယ်ဆိုတာ ကျွမ်းကျင်သူ ပညာရှင်များ၊ ဝန်ကြီးဌာန ကိုယ်စားလှယ်များနဲ့ ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ပြီးတော့မှ တာဝန်ရှိတဲ့ အဆင့်ဆင့်သောအဖွဲ့အစည်းများကို တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူများကိုလည်းပဲ ကျွန်တော်တို့ တင်ပြသင့်တဲ့အချက်များ၊ သိသင့်တဲ့အချက်များကို အချိန်နှင့်တစ်ပြေးညီ ကျွန်တော်တို့ တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော် အထက်ကတင်ပြခဲ့တဲ့ ရှေ့ပြေးစာရင်းကောက်ယူရေးလုပ်ငန်း(Pilot

Porject) များကို မန္တလေး၊ နေပြည်တော်မှာ ဆောင်ရွက်နေသလို အခြားပြည်နယ်နဲ့ တိုင်းနှင့် ပြည်နယ်များမှာလည်း ဆက်လက်ပြီးတော့မှ ကျွန်တော်တို့ လေ့လာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများ သိတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့နိုင်ငံမှာ မြို့နေလူထုအပြင် ကျေးလက်နေလူထုက အများစုဖြစ်ပါတယ်။ အဲဒီဒေသမှာကျွန်တော်တို့ Internet Access တို့ လျှပ်စစ်တို့လည်း တချို့နေရာမှာ ခုချိန်ထိလည်း မရရှိသေးတာဖြစ်တဲ့အတွက် ဒီအချက်အလက်တွေကိုလည်း ကျွန်တော်တို့ အလေးထားပြီးတော့မှ စဉ်းစားသွားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ ကုန်ကျမယ့်ငွေများ၊ ပြည်သူများရဲ့ ကုန်ကျမယ့်ငွေများကိုလည်းပဲ အနည်းဆုံးနဲ့ အထိုက်တန်ဆုံး ဖြစ်အောင် ကျွန်တော်တို့ ကြိုးစားပြီးတော့မှ စဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီ ပညာရှင်များရဲ့ ထောက်ခံချက်၊ တင်ပြချက်များနဲ့အတူ ကျွန်တော်တို့နိုင်ငံမှာ ဆောင်ရွက်သင့်တဲ့ အနေအထားတစ်ခုကို ရရှိအောင် ဆောင်ရွက်ပြီးတော့မှ အဆင့်ဆင့်သောပုဂ္ဂိုလ်များ၊ အဆင့်ဆင့်သော တာဝန်ရှိတဲ့ ကျွန်တော်တို့အစိုးရအဖွဲ့အဆင့်အထိကို တင်ပြပြီးတော့မှ၊ ပြည်သူများကိုလည်း အသိပေးပြီးတော့မှ ကျွန်တော်တို့ ဒီ အမျိုးသားမှတ်ပုံတင်ရေးလုပ်ငန်းများကို Smart Card အဖြစ် စီစဉ်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ပထမမေးခွန်းကို ကျွန်တော် လေးစားစွာ ဖြေကြားပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ကျွန်တော်တို့ အမျိုးသားမှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွက် ပေးသွင်းရမယ့် ကျသင့်တန်ဖိုးများဟာ ခေတ်ကာလနဲ့လျော်ညီမှု မရှိတဲ့အတွက် ပြောင်းလဲသတ်မှတ်ရန်ကိစ္စနှင့် ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ အစိုးရဝန်ကြီးအဖွဲ့ကနေပြီးမှ ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလမှာ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာများအရ ကျွန်တော်တို့ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ မြန်မာနိုင်ငံသားမှတ်ပုံတင်လုပ်ငန်းစဉ်များအတွက် ပေးသွင်းရမယ့် အခငွေနှုန်းထားများကို တိကျစွာဖော်ပြထားပါတယ်။ အဲဒီအခငွေ နှုန်းထားများဟာ ခေတ်ကာလနဲ့ လျော်ညီမှုရှိစေရန် ပြောင်းလဲသတ်မှတ်ရေးနဲ့ပတ်သက်ပြီးတော့မှ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံသားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ပြင်ဆင်ချက်များကိုလည်းပဲ ရှေ့နေချုပ်ရုံးသို့ပေးပို့ပြီးတော့မှ ရှေ့နေချုပ်ရဲ့ ကျွန်တော်တို့ ထောက်ခံချက်၊ အကြံပြုချက်များနဲ့အညီ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၇၅နှင့်အညီ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဖို့လိုပါတယ်။ တင်ပြပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးတဲ့အတိုင်းပဲ ကျွန်တော်တို့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးတော့မှ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခငွေနှုန်းထားများကို ခေတ်ကာလနဲ့ လျော်ညီအောင် ပြောင်းလဲသတ်မှတ်ဖို့ စီစဉ်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လှိုင်သာယာမြို့နယ်အတွင်းရှိ ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းကို ကျောင်းဖွင့်ကာလအစား နွေရာသီ ကျောင်းပိတ်ကာလတွင် ပြောင်းလဲဆောက်လုပ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိထားသော ကုမ္ပဏီများမှ ကျောင်း၏အရည်အသွေးခိုင်ခံ့မှုကို အာမခံပေးနိုင်မှု ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအေးဗိုလ်က လှိုင်သာယာမြို့နယ်အတွင်းရှိ ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းကို ကျောင်းဖွင့်ကာလအစား နွေရာသီ ကျောင်းပိတ်ကာလတွင် ပြောင်းလဲ ဆောက်လုပ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိထားသော ကုမ္ပဏီများမှ ကျောင်း၏အရည်အသွေးခိုင်ခံ့မှုကို အာမခံပေးနိုင်မှု ရှိ/မရှိ သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအေးဗိုလ် ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုတင်ပြချက်ဟာ လှိုင်သာယာတစ်မြို့တည်းအတွက်သာမဟုတ်ဘဲ တစ်နိုင်ငံလုံးမှာ ရှိတဲ့ ကျောင်းများနဲ့ သက်ဆိုင်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များအား ကျောင်းများသို့ သွားရောက်လေ့လာခဲ့ပြီးလိုအပ်ချက်များကို မှတ်သားခဲ့ရပါတယ်။ အခုတင်ပြချက်ဟာ ကျောင်းသား၊ ကျောင်းသူ မိဘများရဲ့ အသံ၊ ပညာရေးဝန်ထမ်းများရဲ့အသံကို နားထောင်ပြီး တင်ပြရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်များဟာ ပြည်သူလူထုရဲ့ လိုအပ်ချက်များကို အစိုးရထံ တင်ပြပေးရသော ကြားခံ ပေါင်းကူးတံတားတစ်စင်းလည်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လှိုင်သာယာမြို့နယ်မှာ အ.ထ.ကကျောင်း(၈)ကျောင်း၊ အ.ထ.က(ခွဲ)(၁၈)ကျောင်း၊ အ.လ.က(ခွဲ)(၄)ကျောင်း၊ အ.မ.က(၂၅)ကျောင်း၊ မူလွန်(၃)ကျောင်း၊စုစုပေါင်း(၅၈)ကျောင်း၊ ကျောင်းသား၊ ကျောင်းသူဦးရေ(၈၈၀၁၀)ဦး ရှိပါတယ်။ ကျောင်းများရဲ့လိုအပ်ချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကာလတွင် အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းများဖျက်ပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိသောကျောင်းပေါင်း(၉)ကျောင်းအပြင် နောက်ထပ်(၂)ကျောင်းကို ရရှိခဲ့ပါတယ်။ ကျောင်းများရဲ့ ကျောင်းဆောင်လိုအပ်ချက်ကို နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးအများကြီးတင်ရှိပါတယ်။ သို့သော် ဇွန်လအတွင်း ကျောင်းများစဖွင့်တဲ့အချိန် ကျောင်းဆောင်ဟောင်းကို ဇွန်လအတွင်း ဖျက်သိမ်းတဲ့အတွက် ကျောင်းဆောင်ဟောင်းရှိ ကျောင်းသူ၊ ကျောင်းသားများရဲ့ စာသင်ကြားရေးအခန်း မရှိသဖြင့် ရပ်ကွက်အတွင်းရှိ ဓမ္မာရုံများ၊ အခန်းပိုရှိသော ကျောင်းများတွင် သွားရောက်သင်ကြားနေရတာဟာ ကြိုတင်ပြင်ဆင်မှု အားနည်းခဲ့ခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားရေး အားနည်းလာမှုနှင့် သွားရောက်သင်ကြားနေသော

နေရာသည် ဝေးလံတဲ့အတွက်၊ မိဘများဟာ သားသမီးများအတွက် စိုးရိမ်ပူပန်မှုများရှိလာသဖြင့် ကျောင်းဆောင်ဟောင်းကို ဖျက်ခြင်းနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းကို နွေရာသီ ကျောင်းပိတ်သည့်ကာလ၌ ဆောက်လုပ်၍ ပညာရေးဌာနမှ စီမံဆောင်ရွက်ပေးရန်၊ ပြုလုပ်ပေးရန်၊ အကြံပြု တင်ပြအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ကျောင်းဆောင်သစ် ဆောက်လုပ်ရန် တင်ဒါအောင် ထားသော ကုမ္ပဏီများအနေဖြင့် အာမခံချက်ပေးရန် အထူးလိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ ကိုယ်စားလှယ်များအား ကျောင်းအားလုံးကို သွားရောက်လေ့လာကြည့်ရှုခဲ့ပြီးဖြစ်ပါတယ်။ မနှစ်ကမှ ဆောက်လုပ်ထားတဲ့ ကျောင်းများဟာ (၁)နှစ်တောင်မပြည့်သေးဘူး၊ မျက်နှာကျက်များ ပျက်စီးကွာကျမှု၊ ကြမ်းပြင်များအက်ကွဲပြီး မြေကြီးများ နိမ့်ဆင်းမှုများ၊ နံရံများအက်ကွဲမှု၊ တံခါးများ ယိုယွင်းပျက်စီးမှုများ တွေ့ခဲ့ရပါတယ်။ အရည်အသွေးညံ့ဖျင်းပြီး ဆောက်လုပ်ထားတဲ့ အဲဒီပျက်စီး မှုများကို တင်ဒါအောင်တဲ့ ကုမ္ပဏီများအနေဖြင့် လာရောက်ပြုပြင်ပေးခြင်း မရှိခဲ့ပါ။ အရည်အသွေး စစ်ဆေးမှုများနှင့် တာဝန်ယူ၊ တာဝန်ခံမှုအားနည်းနေတာကို တွေ့ခဲ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါသောကြောင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျောင်းဆောင် ဆောက်လုပ်ရာတွင် ကျောင်းဆောင် သစ်ဆောက်လုပ်ခွင့်ကို ကျောင်းဖွင့်ကာလအစား နွေရာသီ ကျောင်းပိတ်ကာလတွင် ပြောင်းလဲ ဆောက်လုပ်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိထားသော ကုမ္ပဏီများမှ ကျောင်း၏ အရည်အသွေးခိုင်ခံ့မှု၊ အာမခံပေးနိုင်မှု ရှိ/မရှိ သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးအများကြီး တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးအေးဗိုလ် ရဲ့ မေးခွန်းဖြစ်တဲ့ လှိုင်သာယာမြို့နယ်အတွင်းရှိ ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ကို ကျောင်းဖွင့်ရက် ကာလအစား နွေရာသီကျောင်းပိတ်ရက်ကာလတွင် ပြောင်းလဲဆောက်လုပ်ခွင့်ပေးရန်

အစီအစဉ် ရှိ/မရှိနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်ရရှိထားသော ကုမ္ပဏီများမှ ကျောင်း၏ အရည်အသွေးခိုင်ခံ့မှုကို အာမခံပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ အဆောက်အဦများဆောက်လုပ်ခြင်းအတွက် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေများကို လျာထားရာမှာ (၁)နှစ်ကြိုတင် လျာထားတင်ပြပါတယ်။ ဒီလျာထားတင်ပြချက်များကို ဆောက်လုပ်ရေးနှင့်စပ်လျဉ်းသည့် ဌာနအသီးသီးသို့ တင်ပြပြီး စိစစ်မှုခံယူရပါတယ်။ နောက်ဆုံးအဆင့်အနေဖြင့် လွှတ်တော်၏အတည်ပြုချက်ဖြင့် ဆောင်ရွက်ရပါတယ်။ ဒီ ပြည်ထောင်စု၏ ခွင့်ပြုရန်ပုံငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအရ ဧပြီလ ၁ ရက်နေ့မှစတင်၍ သုံးစွဲခွင့် ရရှိပါတယ်။ ဒီ ဧပြီလ ၁ ရက်နေ့နောက်ပိုင်းမှာ သင်္ကြန်ကာလလည်း ရုံးပိတ်ရက်ရှိပါတယ်။ တင်ပြလိုသည်မှာ ဧပြီလနှောင်းပိုင်းမှစပြီး လုပ်ငန်းစတင်ခဲ့ရပါတယ်။ ဒီအခြေခံပညာကျောင်းများရဲ့ ကျောင်းပိတ်ရက်ကာလမှာလည်း မတ်၊ ဧပြီ၊ မေ (၃)လ ဖြစ်ပါတယ်။

ဒီအခြေခံပညာကျောင်းများတွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ကျောင်းဆောင်များ ဆောက်လုပ်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးများက တင်ဒါခေါ်ယူခြင်း၊ တင်ဒါဖွင့်ဖောက်ခြင်း၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအား ရွေးချယ်တာဝန်ပေးခြင်းနှင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းများကို ဆောင်ရွက်ရပါတယ်။ ဆောင်ရွက်ပြီး လုပ်ငန်းအပ်နှံပါက ဆောက်လုပ်ရေးကုမ္ပဏီများက မိမိတို့တာဝန်ယူရမည့် ဆောက်လုပ်ရမည့် ကျောင်းများကို အချိန်မီ၊ အရည်အသွေးမီ ဆောင်ရွက်ကြရပါတယ်။ ဆောက်လုပ်ခွင့်ရရှိသော ကျောင်းဆောင်အရွယ်အစားပေါ်မူတည်ပြီး အချိန်စောခြင်း၊ အချိန်နောက်ကျခြင်း စသည့် ဆောက်လုပ်ရေးအချိန်ကွာခြားမှုရှိနိုင်သလို လမ်းပန်းဆက်သွယ်ရေး ကောင်းခြင်း၊ မကောင်းခြင်း၊ ပို့ဆောင်ဆက်သွယ်မှု လွယ်ခြင်း၊ မလွယ်ခြင်းတို့အပေါ်မှာလည်း ကွာခြားမှုရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဘဏ္ဍာရေးစည်းမျဉ်းသဘောအရ ခွင့်ပြုရန်ပုံငွေများကို ဘဏ္ဍာရေးနှစ်၏ နောက်ဆုံးလ မတ်လ ၃၁ ရက်နေ့မတိုင်မီ ထုတ်ယူသုံးစွဲရပါတယ်။ ထုတ်ယူသုံးစွဲခြင်းမပြုနိုင်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သို့ ပြန်လည်အပ်နှံရပါတယ်။ ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီး၍ ကုမ္ပဏီများမှ ငွေထုတ်ယူခွင့် တင်ပြရာတွင် ရာခိုင်နှုန်းအလိုက်၊ ပြီးစီးမှုအလိုက် အရည်အသွေး စစ်ဆေးရေးအဖွဲ့များဖြင့် သတ်မှတ်ထားသော ပြီးစီးမှုရာခိုင်နှုန်း BP,BQ တို့အရ အရည်အသွေးကောင်းမွန်မှု စစ်ဆေးပြီးမှသာ သက်ဆိုင်ရာ ကြီးကြပ်သည့်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ထုတ်ယူခွင့်ရှိပါတယ်။

သို့ဖြစ်ပါ၍ အခြေခံပညာကျောင်းများအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကျောင်းပိတ်ရက်ကာလ (၃)လ ဖြစ်သည့် မတ်လ၊ ဧပြီလ၊ မေလများအတွင်း အပြီးဆောက်လုပ်မည်ဆိုပါက အဆင်မပြေမှုရှိပါကြောင်း ရှိသေစွာတင်ပြအပ်ပါတယ်။ ဒါ့အပြင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ စာရင်းစစ် စည်းမျဉ်းစည်းကမ်း၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းတို့အရသာ ဆောင်ရွက်ရပါကြောင်းနှင့် ကုမ္ပဏီများက ဆောက်လုပ်ပေးသော ကျောင်းဆောင်များ၏ အရည်အသွေးကောင်းမွန်မှု၊ ခိုင်ခံ့မှု၊ အရည်အသွေးအာမခံမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ

အဖွဲ့များက စီစဉ်ကြီးကြပ်မှုဖြင့် အရည်အသွေး စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကြီးကြပ်ဆောင်ရွက်သလို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်ဒေသကြီး စာရင်းစစ်အဖွဲ့များကလည်း စာရင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနကလည်း ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေအတွက် လုပ်ငန်းများကို အရည်အသွေးပြည့်မီရေးနဲ့ အချိန်မီပြီးစီးနိုင်ရေးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက် ၂၂-၈-၂၀၁၆ ရက်နေ့တွင်ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) (အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၀)ရက်မြောက် ၂၈-၉-၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ကပေးပို့သော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၉-၁၂-၂၀၁၆ ရက် (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အပေါင်း တို့ ကို မင်္ဂလာပါလို့ကျွန်တော်နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေ ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အကြံပြုတင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းစအချိန်ဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ ဘဏ္ဍာငွေများကို ခြိုးခြံချွေတာပြီးအလိုအပိုမရှိရစေရန် ဆောင်ရွက်နေရတဲ့ ကာလဖြစ်တယ်ဆိုတာ ကိုလည်း ပြည်ထောင်စုအစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး အသိပင် ဖြစ်ပါတယ်။

ဒီနေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်ဟာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်းတို့ဖြစ်ကြောင်း ပုဒ်မ ၁၀(ဌ)တွင် ပြဋ္ဌာန်းထားသကဲ့သို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပုဒ်မ ၁၈(စ)မှာလည်း အထက်နည်းတူပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့များကို လိုက်နာရန် စည်းကမ်းချက်များဖြင့် ပုဒ်မ ၁၉(ဂ)နဲ့ (ဃ)တို့မှာ မိမိတို့ တာဝန်သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံခြင်းအပြင် ကော်မရှင်ရဲ့ ညွှန်ကြား၍ ဆောင်ရွက်ရမယ့် ကိစ္စမှအပပါတီတွင်းကိစ္စရပ်များမှာ ဝင်ရောက်စွက်ဖက်ခွင့်မပြုဘဲ တည်ငြိမ်သော အဖွဲ့အစည်းအဖြစ် တည်ရှိစေရန်ဖြစ်ပါတယ်။ နှစ်အလိုက်ကာလတိုအားဖြင့် ပေါ်ပေါက်ဖွယ်ရှိတဲ့ ကြားဖြတ်ရွေးကောက်ပွဲ တစ်ခုချင်းအတွက် အလီလီပြန်လည် ဖွဲ့စည်းနေရမယ်ဆိုလို့ရှိရင် အားပြိုင်စည်းရုံးမှုများ ဖြစ်ပေါ် ရှုပ်ထွေးလာနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ဟာ နိုင်ငံ့ဘဏ္ဍာငွေကို အမှန်တကယ် ကုန်ကျသင့်သလောက်သာ ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ ဒီမှာ ချီးမြှင့်ငွေနှင့်စရိတ်ကို ရွေးကောက်ပွဲလုပ်ငန်းတာဝန်များ ထမ်းဆောင်ချိန်အတွက်သာ ချီးမြှင့်ရန်ဖြစ်ပါတယ်။ ဒီတော့ ချီးမြှင့်ငွေပေးမယ့်ကာလနဲ့ ကော်မရှင်ဖွဲ့စည်းထားရှိမယ့် သက်တမ်းကို တစ်ထပ်တည်းထားသင့်ပါတယ်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းတဲ့အခါမှာ အများပြည်သူ ယုံကြည်လေးစားတဲ့ ပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းရန်ဆိုတဲ့ မူနဲ့ တာဝန်ပေးအပ်ထားခြင်းဖြစ်လို့ ထိုပုဂ္ဂိုလ်များ ဟာ ချီးမြှင့်ငွေနှင့် စရိတ်ငွေကို အဓိက မျှော်မှန်းလုပ်ဆောင်ကြခြင်း မဟုတ်ဘဲ စေတနာ့ဝန်ထမ်း

Volunteer များဖြင့် ဆောင်ရွက်ခဲ့ကြရာမှာ သိက္ခာသမာဓိအရ အများယုံကြည်လေးစားသူများကိုသာ တာဝန်ပေးထားကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ဥပဒေမှာတော့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေအခန်း(၅)၊ ပုဒ်မ ၂၃ ပြဋ္ဌာန်းချက်မှာ ကော်မရှင်ဟာ ပါတီများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များ နှင့်အညီ ဆောင်ရွက်စေရန်ကြီးကြပ်နိုင်မှာဖြစ်လို့ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရဲ့သက်တမ်းဟာလည်း ကျွန်တော်တို့ ကော်မရှင်သက်တမ်းအတိုင်း ညီမှသာလျှင် ဥပဒေပြဋ္ဌာန်းချက်များနဲ့ ရှေ့နောက်ဆီလျော် ညီညွတ်မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်မှုမှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများဟာ အစိုးရသက်တမ်းနှင့်အညီ အမြဲတမ်းဖွဲ့စည်းထားရန် မလိုအပ်ဘဲ ရွေးကောက်ပွဲတစ်ခုခု ကျင်းပရန် လိုအပ်မှသာလျှင် ဖွဲ့စည်းသင့်ပါတယ်။ အဲဒီလို ဖွဲ့စည်းတဲ့အခါမှာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရဲ့ အမှန်တကယ် လုပ်ကိုင်ရတဲ့လုပ်ငန်းနဲ့ နိုင်ငံတော်က ကျခံရတဲ့ စရိတ်အချိုးညီ မှန်ကန်မျှတစေရန် ပြင်ဆင်ခြင်းဖြစ်ကြောင်း ကျွန်တော်တို့ ရည်ရွယ်ချက်တစ်ရပ်အနေနဲ့လည်း ဖော်ပြထားပြီး ဖြစ်ပါတယ်။

ဒါကြောင့်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ ချီးမြှင့်ငွေနှင့်စရိတ်ကို မည်သည့်အချိန်၊ မည်သည့်အခြေအနေတွင် အချိန်ကာလအားဖြင့် မည်မျှခံစားခွင့် ပြုမည်ဆိုတဲ့ အချက်ကိုသာ ပြင်ဆင်သတ်မှတ်သင့်ပါကြောင်းနှင့် သက်တမ်းကိုမူ ရွေးကောက်ပွဲကော်မရှင် သက်တမ်းအတိုင်းသာ ထားရှိသင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၇။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အေးချမ်းသာယာရှိကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်မှာ အကြံပြု ဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲကော်မရှင်ဆိုတာ နိုင်ငံ့အတွက် ကိုယ်စားပြုမယ့် ရွေးကောက်ခံပုဂ္ဂိုလ်များကို ရွေးချယ်ဖို့၊ စိစစ်ဖို့ အထူးတာဝန်ယူထားရတဲ့ ကြီးမြတ်တဲ့ အဖွဲ့ကြီးဖြစ်ပါတယ်။ တာဝန်ယူရတဲ့ ပုဂ္ဂိုလ်များကလည်းပဲ မွန်မြတ်တဲ့စိတ်ထား၊ မျှတညီညွတ်တဲ့ သဘောထားများနဲ့ ဘက်လိုက်ခြင်းမရှိ၊ ချစ်ခြင်းမုန်းခြင်းမရှိ အဂတိတရားများကင်းရှင်းပြီးတော့ ရိုးသားတည်ကြည်ကြတဲ့ စံထားရမယ့် ပုဂ္ဂိုလ်များလည်း ဖြစ်ကြပါတယ်။ ဘာကိုရည်ရွယ်သလဲဆိုရင် ယခု တာဝန်ထမ်းဆောင်နေကြတဲ့ ကော်မရှင်ပုဂ္ဂိုလ်များဟာ စေတနာ့ဝန်ထမ်းတွေ၊ အများကြည်ညို

လေးစားကြတဲ့လူများဖြစ်ကြပါတယ်။ နေ့တွက်၊ လခ၊ စရိတ် မရတဲ့သူများ ဖြစ်ကြပါတယ်။ အတွေ့အကြုံ ဂုဏ်သိက္ခာသမာဓိနဲ့ လုပ်နေကြတဲ့ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို ရပ်တည်ထားတဲ့ ကော်မရှင်အဖွဲ့ဟာ ပြည်သူများက ရွေးချယ်ထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သက်တမ်းနှင့်အညီပဲ ရှိသင့်ပါတယ်။ ရွေးကောက်ပွဲကျင်းပတဲ့ ကာလကျမှ အရေးပေါ်ကောက်ဖွဲ့ရတဲ့ ယာယီအဖွဲ့မျိုး မဖြစ်သင့်ပါဘူး။ ဘာလို့လဲဆိုရင် အကြိမ်ကြိမ်ဖွဲ့နေရတာမျိုးဆိုရင် ပြဿနာများ ရှုပ်ထွေးတတ်လို့ပါပဲ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကြီးဟာ ပင်မအနေနဲ့ တရားဝင်ရှိနေတယ်၊ ဒီကော်မရှင်ကြီးက တစ်ဆင့်အောက်ခြေမှာ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့အသီးသီးကို ဆက်သွယ်လုပ်ကိုင်ကြရပါတယ်။ (၉)လထဲသာ သက်တမ်းထားမယ်ဆိုရင် အဆင်မပြေနိုင်ပါဘူး။ ကော်မရှင်အဖွဲ့ဝင်တွေရဲ့ ထမ်းဆောင်ရမယ့် လုပ်ငန်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ ညွှန်ကြားချက်တွေ ဘယ်လိုနည်းနဲ့မှ လတ်တလော နားမလည်နိုင်ပါဘူး။ စဉ်ဆက်မပြတ်ဖွဲ့ထားမှ လေ့လာသင်ကြား ကျွမ်းကျင်မှုရှိရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းအပ်ပါတယ်။ အဲဒါကြောင့်မူလပြဋ္ဌာန်းထားတဲ့အချက်ဖြစ်တဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ သက်တမ်းရဲ့ ခေါင်းစဉ်ပါတဲ့ အပိုဒ်(၇)၊ ပုဒ်မ ၂၀ မှာ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်ရှိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရဲ့ သက်တမ်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သက်တမ်းနှင့်အညီဖြစ်သည်လို့ မူလပြဋ္ဌာန်းချက်က သဘာဝကျပါတယ်။ သင့်လျော်မှုရှိပါတယ်။ အဆိုပြု ပြင်ဆင်ချက်မှာပါဝင်တဲ့ သတ်မှတ်တဲ့သက်တမ်းကာလဟာ (၉)လထက်မပိုရဆိုတာဟာ မသင့်လျော်ပါဘူး။ ဒါကြောင့် မူလပြဋ္ဌာန်းချက်အတိုင်း သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၄) တာဝန်နှင့်လုပ်ပိုင်ခွင့်များ ခေါင်းစဉ်နဲ့ အခန်း(၆) တာဝန်နှင့်လုပ်ပိုင်ခွင့်များ ဆိုပြီးတော့ မူလပြဋ္ဌာန်းချက်မှာ ခေါင်းစဉ်ချင်းတူနေပါတယ်။ ဒါကြောင့် အဆိုပြုပြင်ဆင်ပြောင်းလဲထားတဲ့ ခေါင်းစဉ်များဖြစ်တဲ့ အခန်း(၄)မှာ ကော်မရှင်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ပြင်ဆင်ထားပြီးတော့ အခန်း(၆)မှာ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များလို့ ပြင်ဆင်ပြောင်းလဲထားတာကို သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၈) အထွေထွေကဏ္ဍမှာ ပုဒ်မ ၂၁(က) ကို ဖျက်ထားပါတယ်။ အဲဒါကို သဘောတူပါတယ်။ ပုဒ်မ ၂၁(ခ) မူလပြဋ္ဌာန်းချက်ကို အဆိုပြုပြင်ဆင်အဖြစ်ပုဒ်မ၂၁(က)အဖြစ် ပြောင်းလဲပြီးတော့ ကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရဲ့ ကုန်ကျစရိတ်များ ရွေးကောက်ပွဲကျင်းပခြင်းနဲ့ စပ်လျဉ်းပြီးတော့ ကုန်ကျစရိတ်များကို မိမိဘဏ္ဍာငွေအရအရအသုံးဥပဒေမှာထည့်သွင်းရေးဆွဲရမည်လို့ နေရာပြောင်းလဲ အဆိုပြုချက်ကိုသဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ ဒါပေမဲ့ ကော်မရှင်ဟာ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ဝင်များနှင့် စပ်လျဉ်း၍ ပုဒ်မ ၂၀ ပါ သက်တမ်းနှင့်အညီ ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ငွေတို့ ခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ရမည်လို့ ပုဒ်မ ၂၁(ခ)မှာ အဆိုပြု ပြင်ဆင်ချက်ကို လက်မခံနိုင်ပါဘူး။ ဘာလို့လဲဆိုရင် ပုဒ်မ ၂၀ လို့ ရည်ညွှန်းထားတာဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သက်တမ်းနှင့်တူတူဖြစ်နေတော့ လစဉ်ချီးမြှင့်တဲ့

စရိတ်ငွေများဟာ ရွေးကောက်ပွဲမကျင်းပတဲ့ ကာလများမှာလည်းပဲ ချီးမြှင့်နေရမှာဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ဘဏ္ဍာငွေတွေဟာ အလုပ်မလုပ်ရဘဲနဲ့ အလဟဿဖြုန်းတီးသလို ဖြစ်နေပါတယ်။ ဒါ့ကြောင့် ဒီပြင်ဆင်ချက်ကို သဘောမတူနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒါကြောင့် Power Point မှာ ဖော်ပြထားတဲ့အတိုင်း ပုဒ်မ ၂၁(ဂ)မှာ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ဝင်များနှင့် စပ်လျဉ်း၍ ရွေးကောက်ပွဲကျင်းပရသည့် မဲဆန္ဒများတွင် (၉)လထက်မပိုသော ကာလအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ညှိနှိုင်းရမည်လို့ ပြင်ဆင် အဆိုပြုထည့်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ ဒါမှသာ ကျွန်တော် အထက်က တင်ပြခဲ့တဲ့ အတိုင်းရွေးကောက်ပွဲကော်မရှင်အဖွဲ့အဆင့်ဆင့်ဟာစေတနာနဲ့လုပ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။အများကကြည်ညိုတဲ့ပုဂ္ဂိုလ်တွေဖြစ်သည့်အတွက် လက်ရှိအနေအထား ဆောင်ရွက်နေတဲ့ နေ့တွက်ခ၊ လစာမရဘဲ ဂုဏ်သိက္ခာနဲ့ သမာဓိနဲ့ လုပ်နေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ သူတို့အမှန်တကယ် အလုပ်လုပ်ရတဲ့ ရွေးကောက်ပွဲမတိုင်မီ(၆)လနဲ့ ရွေးကောက်ပွဲအပြီး(၃)လ ပေါင်း(၉)လအတွက် ချီးမြှင့်တာဟာ သူတို့ဘက်ကရော၊ ပြည်သူ့ဘက်ကရော ဘယ်လောက်ဂုဏ်ရှိပါသလဲ။ ပြည်သူ့ဘဏ္ဍာငွေလည်း မဆုံးရှုံးဘူး။ ကော်မရှင်အဖွဲ့များကလည်းပဲ ရဲရဲတင်းတင်း ဂုဏ်တက်ရမယ့်သူဖြစ်ပါတယ်။ အဲဒါကြောင့် ကော်မရှင်အဆင့်ဆင့်အဖွဲ့တွေကို ရွေးကောက်ပွဲပေါ်တိုင်းမှာ လတ်တလောမခန့်ဘဲနဲ့ ပြည်ထောင်စုရွေးကောက်ပွဲရဲ့ သက်တမ်းအတိုင်းရှိနေပြီးတော့ ကြားဖြတ်ရွေးကောက်ပွဲ မပေါ်ပေါက်ခင်မှာ အထက်မှာရှိတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ကြီးက အောက်မှာရှိတဲ့ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်ကို လက်တံများသဖွယ် ယှက်နွယ်လေ့ကျင့် ညွှန်ကြားဆက်သွယ်နိုင်ရုံမျှမက လွတ်လပ်တဲ့နေရာပေါ်လာပြီဆိုရင် ရှုပ်ထွေးလာနိုင်တဲ့ လတ်တလော ရွေးကောက်ဖွဲ့စည်းရန် မလိုတော့ဘဲနဲ့ အဆင်သင့်လိမ္မာကျွမ်းကျင်စွာနဲ့ ကော်မရှင်အလုပ်ကိုလုပ်၊ ချီးမြှင့်ငွေလည်းရ၊ ပြည်သူကလည်း ကြည်ဖြူ ကောင်းမြတ်တဲ့အစီအစဉ်ဖြစ်လို့ အခုပုံစံအတိုင်း အတည်ပြုထောက်ခံတင်ပြပေးကြဖို့ မေတ္တာရပ်ခံရင်း အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။(သြဘာသံများ)

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၏ နိုင်ငံတော်၏သား၊ ငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည် ဆိုသော MICA (Myanmar International Cooperation Agency)သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှု မရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင် ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့ စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန် တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး က နိုင်ငံတော်၏ သား၊ ငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည်ဆိုသော MICA (Myanmar International Cooperation Agency)သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့် မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးပါရန်နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၅။**

**နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ကျွန်မက ဂါဝရပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ကအမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး ဖြစ်ပါတယ်။ ဒီကနေ့ အမျိုးသားလွှတ်တော်ကို တင်သွင်းမယ့် ကျွန်မရဲ့ အဆိုကတော့ နိုင်ငံတော်ရဲ့ သား၊ ငါးကဏ္ဍတိုးတက်ဖို့နှင့်စားနပ်ရိက္ခာဖူလုံဖို့စသည့် ရည်ရွယ်ချက်တွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတဲ့ MICA (Myanmar International Cooperation Agency)သည် မြန်မာနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ အဖွဲ့အစည်းဟာ နိုင်ငံတော်နှင့် နိုင်ငံသားတွေအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုက လက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့အတွက် MICA ကို တရားဝင်

ဖျက်သိမ်းပြီးရင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ တရားဝင်ခွင့်ပြုမိန့်မရဘဲ ဆောင်ရွက်ခဲ့တဲ့ မူလ သိမ်းဆည်းရယူထားတဲ့ စက်ရုံတွေ၊ လုပ်ငန်းတွေ၊ ခြံမြေတွေကို မည်ကဲ့သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုအခြေအနေတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေနဲ့လည်းကောင်း၊ ဆိုင်ရာအစိုးရအဖွဲ့အစည်း အနေနှင့်လည်းကောင်း ပွင့်လင်း မြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးဖို့ တိုက်တွန်းတဲ့ အဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်နဲ့ အင်္ဂလိပ်စာ သုံးနှုန်းခွင့်ပြုဖို့ တောင်းခံ အပ်ပါတယ်။ အဆိုနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြရမယ်ဆိုရင် MICA ဟာ နိုင်ငံပိုင်အဖွဲ့အစည်း ဖြစ်ကြောင်းနဲ့ MICA ရဲ့ ဖွဲ့စည်းလုပ်ဆောင်ချက်တွေကို မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၂-၃-၂၀၁၆ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ မိတ်ဆက်သိရှိခွင့်ရခဲ့ပါတယ်။ MICA ကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်အပါအဝင် ကောင်းမွန်တဲ့ ရည်ရွယ်ချက်(၉)ချက်နဲ့ ဖွဲ့စည်းထားပါတယ်။ အဲဒီ့အပြင် ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုး ရေးဘဏ်၊ ပညာရှင်များ၊ NGO၊ INGO၊ CSO အပြည်ပြည်ဆိုင်ရာ ကော်ပိုရေးရှင်းစတဲ့ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ဖွဲ့စည်းထားတယ်လို့ ဆိုပါတယ်။

သို့ပေမယ့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ရဲ့ အပိုဒ် ၂၂ မှာ မိတ်ဖက်အဖွဲ့အစည်းဆိုတာ လုပ်ငန်းအကောင်အထည်ဖော်ဖို့ လိုအပ်ချက်အရ အဆင့်(၃)ဆင့်နဲ့ ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ (၁)ပြည်ထောင်စုဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့၊ (၂)ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့၊ (၃)ဦးစားပေးမြို့နယ်နှင့် ခရိုင်ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ ဆိုပြီး အဆင့်(၃)ဆင့် နဲ့ MICA ရဲ့ ဖွဲ့စည်းပုံဟာ ကိုက်ညီမှု မရှိတာကို တွေ့ရပါတယ်။ MICA ဟာ ၂၀၁၂ ခုနှစ်မှာ ကတည်းကအခြေတည်ခဲ့ပြီးတဲ့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၃-၇-၂၀၁၄ မှာ ပြုလုပ်ခဲ့တဲ့ (၁၃/၂၀၁၄) ဆုံးဖြတ်ချက်နဲ့ ၁၄-၈-၂၀၁၄ မှာ ပြုလုပ်ခဲ့တဲ့ (၁၆/၂၀၁၄) ဆုံးဖြတ်ချက်မှတ်တမ်းအရ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုဖို့ မူအရ သဘောတူခဲ့တယ်လို့ သိရှိရပါတယ်။ MICA အဖွဲ့ရဲ့ ဖွဲ့စည်းပုံမှာ အရာထမ်း(၃၄)ဦး၊ အမှုထမ်း(၇၀)ဦး၊ စုစုပေါင်း(၁၀၄)ဦး၊ ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့၊ အကြံပေးပညာရှင်အဖွဲ့ စတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့သူတွေ ရောထွေးပါဝင်နေပါတယ်။ ဒီလို ဖွဲ့စည်းတဲ့နေရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့အမိန့်နဲ့ ထုတ်ပြန် ဖွဲ့စည်းရမှာဖြစ်သလို တာဝန်နဲ့လုပ်ပိုင်ခွင့်တွေကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ် ညွှန်ကြားရမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ် ဥပဒေတစ်ရပ်ရပ် ပြဋ္ဌာန်းချက်အရသာလျှင် ဖွဲ့စည်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ MICA အနေနဲ့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် ခြံ၊ စက်ရုံပေါင်း (၄၈)ခု၊ အုတ်စက်ရုံနှင့် ဒညင်းကုန်း မြေဧရိယာ(၆၄.၅၄)ဧက၊ ငါးလုပ်ငန်းဦးစီးဌာနပိုင်တဲ့ လုပ်ငန်း (၁၇)ခုအပြင် အင်းစိန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင်မြေ (၁၃၄.၇၃၈)ဧကထဲမှ အနုပညာ ဗဟိုဌာနကို (၈.၄၁)ဧကအပ်နှံပြီး မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ်(၃၂.၃၂၁)ဧကကို ချန်လှပ် ပြီးတဲ့နောက် ကျန်မြေအားလုံးကို လွှဲပြောင်းယူခဲ့ပါတယ်။ ဒီထဲမှာလုပ်ငန်းပေါင်းများစွာ အကျိုးတူ ပူးပေါင်းလုပ်ကိုင်တာတွေ၊ မြေငှားရမ်းတာတွေကို စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ အဲဒီ့အတွက် MICA အနေနဲ့ အကျိုးအမြတ်နှင့် ငှားရမ်းခ သန်းပေါင်းများစွာကို ရရှိခဲ့ပြီးဖြစ်ပါတယ်။

ဒါပေမဲ့လည်း MICA ဟာ နိုင်ငံပိုင်အဖွဲ့အစည်းတစ်ရပ်အနေနဲ့ ပြည်ထောင်စုလွှတ်တော်က ထည့်သွင်းရေးဆွဲထားတဲ့ ဝန်ကြီးဌာနများရဲ့ ရသုံးခန့်မှန်းခြေစာရင်းမှာ မပါရှိခဲ့သည်ကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာထဲမှာ မပါရှိခဲ့တာကို တွေ့ရပါတယ်။ ပြည်ထောင်စုရန်ပုံငွေပြင်ပကနေ ဥပဒေတစ်ရပ်ရပ်နဲ့ ပြဋ္ဌာန်းသုံးစွဲခဲ့တာကို မတွေ့ရတဲ့အပြင် အကျိုးအမြတ်တွေကို Product Sharing၊ Profit Sharing စနစ်နဲ့ ဆောင်ရွက်ပြီး UFA (OA) Account နဲ့ထည့်သွင်းသွားမယ်ဆိုပေမယ့် ပွင့်လင်းမြင်သာစွာ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ မရှိခဲ့ပါဘူး။ MICA က လွှဲပြောင်းယူသွားတဲ့ မွေးမြူရေးနှင့် သား၊ ငါး ကဏ္ဍလုပ်ငန်းတွေဟာလည်း မူလရည်ရွယ်ချက်နဲ့ လွဲချော်သွားတဲ့ လုပ်ငန်းများစွာ လုပ်ဆောင်နေတာကို တွေ့ရှိရပါတယ်။ အိုး၊ အိမ်၊ တိုက်တာ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ဆိပ်ကမ်းဆောက်လုပ်မှုတွေ၊ ဆီဆိုင်တွေ၊ Shopping Mall တွေစတဲ့ လုပ်ငန်းများစွာ ပြောင်းလဲလုပ်ဆောင်ခဲ့တာကို တွေ့ရှိရပါတယ်။ အဲဒီအတွက် မွေးမြူရေးနှင့်သား၊ ငါး ကဏ္ဍ မျိုးမှိန်ပျောက်ကွယ်သွားရသလို ရောဂါရှာဖွေရေးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ ကာကွယ် ကုသရေး၊ စားနပ်ရိက္ခာဖြည့်တင်းရေး၊ အသေးစား၊ အလတ်စား တစ်နိုင်တစ်ပိုင် သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းစတဲ့ ဆက်စပ်အခက်အခဲတွေနဲ့ လိုအပ်ချက်များစွာ ဖြစ်ပေါ်ခဲ့ရ ပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးကို ချည့်နဲ့အားနည်းစေတဲ့အပြင် ပြည်သူ့ဘဏ္ဍာ ပျောက်ဆုံးမှုများ ကလည်း ဖြစ်ပေါ်နေခဲ့ပါတယ်။

အချုပ်ဆိုရမယ်ဆိုရင် MICA ဟာ ဥပဒေတစ်ရပ်ရပ်နဲ့ ပြဋ္ဌာန်းဆောင်ရွက်မှု မရှိခြင်း၊ ပြည်ထောင်စုအစိုးရရဲ့ တရားဝင်ခွင့်ပြုမိန့်မရှိဘဲ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံပိုင်စက်ရုံနဲ့ လုပ်ငန်း များကို နိုင်ငံတော်မှသာလျှင် စီမံခန့်ခွဲသင့်ခြင်း၊ ရရှိတဲ့အကျိုးအမြတ်တွေဟာလည်း နိုင်ငံတော်ရဲ့ ဘဏ္ဍာဖြစ်သင့်ခြင်းတို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့သော် လည်းကောင်း၊ ဆိုင်ရာတာဝန်ရှိအစိုးရအဖွဲ့မှသော်လည်းကောင်း၊ MICA ရဲ့ လုပ်ငန်းနဲ့ အကျိုး အမြတ်များကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးဖို့ အလေးအနက်တိုက်တွန်း အဆိုပြုအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြင်ကွင်းပုံ (ဘ)



MICA နှင့်အကျိုးတူ ဖက်စပ်ဆောင်ရွက်ထားသည့်လုပ်ငန်းများ မြင်ကွင်းပုံ (ဘ-၁)



ပြောင်းလဲသွားသော လုပ်ငန်းများ မြင်ကွင်းပုံ (ဘ-၂)




**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်ရှင့်။ ကျွန်မက အမျိုးသားလွှတ်တော်ရဲ့ စိုက်ပျိုးမွေးမြူရေးရေလုပ်ငန်း ကော်မတီဝင်တစ်ဦးဖြစ်သည့်အတွက် MICA ရဲ့ ရည်ရွယ်ချက်တို့ကို သိရှိလာခဲ့ပါတယ်။ ကျွန်မ ကိုယ်တိုင်ကလည်း စိုက်ပျိုးရေးသမားတစ်ဦးဖြစ်သည့်အတွက် တောင်သူတွေရဲ့ ပင်ပန်းဆင်းရဲတဲ့ ဘဝကို ကောင်းစွာသိရှိပါတယ်။ ကျွန်မတို့နိုင်ငံဟာ အကြွေးများစွာနဲ့ စီးပွားရေးတွေ ချွတ်ခြုံကျနေတဲ့ အချိန်မှာ ဒီ MICA ဆိုတဲ့ အဖွဲ့အစည်းရဲ့လုပ်ငန်းစဉ်တွေကို လူတစ်စုအတွက်လား၊ ပြည်သူ့အတွက် လားဆိုတာကို ပွင့်လင်းမြင်သာစွာချပြ၍ ဖော်ထုတ်သင့်ပါတယ်။ ဒါမှသာ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို တစ်ဒေါင့်တစ်နေရာကနေ ကူညီဖြေရှင်းပေးရာရောက်မည်ဟု ယူဆသဖြင့် ကရင် ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုးရဲ့ အဆိုကို လေးလေး နက်နက် ထောက်ခံတင်ပြအပ်ပါတယ်ရှင်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးတင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွား ပါတယ်။ အဆိုမှာ နိုင်ငံတော်၏ သား၊ ငါးကဏ္ဍတိုးတက်ရန်နှင့် စားနပ်ရိက္ခာဖူလုံရန်စသည့် ရည်ရွယ်ချက်များဖြင့်ဖွဲ့စည်းထားသည်ဆိုသော MICA (Myanmar International Cooperation Agency) သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးပြုမှုမရှိဘဲ လူတစ်စုမှ လက်ဝါးကြီးအုပ်

ခြယ်လှယ်လုပ်ကိုင် ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စု အစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့် မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်သို့စီမံထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲထားမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ် ပေးပါရန် တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုးရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]